# ACC Against COVID-19




အစီအစဉ် (၁၁၆ )

## “COVID ကာလအတွင်း စီမံခန့်ခွဲမှုဆိုင်ရာ ခေါင်းဆောင်နိုင်မှု အခြေခံသဘောတရား (၇)ချက်”

တင်ပြသူ

အောင်ဆန်းသွေး (ACC Myanmar)

ယခုကဲ့သို့ ကမ္ဘာတစ်ဝှမ်းလုံး COVID-19 ကပ်ရောဂါဘေးအန္တရာယ် ကြုံတွေ့နေရသည့် အချိန်တွင် မိမိတို့၏ စီးပွားရေးလုပ်ငန်းများ အောင်မြင်စွာလည်ပတ်နိုင်ရန်၊ ဆက်လက်ရှင်သန်နိုင်ရန်အတွက် ခေါင်းဆောင်များ၏ စွမ်းဆောင်ရည်နှင့် စီမံခန့်ခွဲမှုမှာ အလွန်အရေးကြီးပေသည်။ ခေါင်းဆောင်တစ်ဦး၏ စွမ်းဆောင်ရည်ဟုဆိုရာတွင် အင်္ဂလန်နိုင်ငံ၊ Leonard M.Miller University ၏ ပါမောက္ခဖြစ်သူ John A.Quelch က မန်နေဂျာ သို့မဟုတ် ခေါင်းဆောင်တစ်ယောက် အနေဖြင့် COVID ကာလအတွင်း ဆက်လက်ရှင်သန်နိုင်ရေးအတွက် လိုက်နာကျင့်သုံးရမည့် အခြေခံသဘောတရား (၇) ချက်ရှိရန် လိုအပ်သည်ဟု ဆိုထားပါသည်။






ထို(၇)ချက်သည် “C” နှင့်အစပြု၍ 7Cs ဟူ၍ အတိုကောက် သုံးနှုန်းနိုင်ပါသည်။ ယခုလိုကပ်ရောဂါကာလကြီး၌ အိမ်တွင် ဖြစ်စေ၊ လုပ်ငန်းခွင်တွင်ဖြစ်စေ ခေါင်းဆောင်မှုစွမ်းရည် သည် အလွန်အရေးကြီးပါသည်။ ခေါင်းဆောင်တစ်ယောက် ၏ ဆုံးဖြတ်ချက်၊ လုပ်ဆောင်ချက်များ မှားယွင်းသည်နှင့် တစ်ပြိုင်တည်း ကျရှုံးမှုများနှင့် ရင်ဆိုင်ရမည် ဖြစ်ပါသည်။ အရပ်ဖက်အဖွဲ့အစည်းက ခေါင်းဆောင်များအနေဖြင့်သော် လည်းကောင်း၊ လုပ်ငန်းရှင်ခေါင်းဆောင်များအနေဖြင့်သော် လည်းကောင်း အဆိုပါအချက် (၇)ချက်လုံးနှင့် ကိုက်ညီရန် လိုအပ်ပါသည်။








ပထမဆုံးလိုက်နာရမည့်အချက်မှာ “Calm” မိမိရဲ့စိတ်ကို
တည်ငြိမ်အောင်ထားတတ်ခြင်း ဖြစ်ပါသည်။ ယခုလို
ကပ်ရောဂါဘေးကြုံနေရတဲ့အချိန်မှာ သင့်မိသားစု၊ သင့်ဝန်ထမ်း၊
သင်၏စားသုံးသူများ၊ သင်၏ထောက်ပံ့မှုကို ရယူသူများသည်
သင့်ကိုအားကိုးမှီခိုရန် မျှော်လင့်နေပါလိမ့်မည်။
ဘယ်လိုအခြေအနေမျိုးမှာပဲရောက်ရောက်
ကိုယ့်စိတ်ကိုတည်ငြိမ်အောင်ထားရန်လိုပါသည်။
ခေါင်းဆောင်တစ်ယောက် အနေဖြင့် စိတ်အေးလက်အေးနဲ့
စီမံခန့်ခွဲနိုင်မှုသည် ခေါင်းဆောင်တစ်ယောက်အနေဖြင့်
ယုံကြည်ကိုးစားလို့ရတယ်၊ ယုံကြည်ထိုက်တယ်ဆိုတဲ့ လူတို့၏
ယုံကြည်မှုကို ရရှိစေမှာ ဖြစ်ပါတယ်။

ဒုတိယအချက်မှာ “Confidence” မိမိကိုယ်ကိုယ်ယုံကြည်မှုရှိခြင်းပင်ဖြစ်သည်။ ခေါင်းဆောင် တစ်ယောက်အနေဖြင့် စိတ်အေးဆေးတည်ငြိမ်စွာဖြင့် ယခုလို ခက်ခဲကျပ်တည်းတဲ့ကာလမှာ ကုမ္ပဏီ၏ ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြင့် အောင်မြင်စွာစီမံခန့်ခွဲနိုင်လိမ့်မည်ဟု မိမိကိုယ်ကိုမိမိ ယုံကြည်မှုရှိရမည်ဖြစ်သည်။ Hasidic Judaism လူမျိုးတို့၏ စကားပုံဖြစ်သော “The man who has confidence in himself gains the confidence of others” ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုသာ တခြားလူများ၏ ယုံကြည်မှုကို ရရှိမည်ဖြစ်ပါသည်။ ယခုလိုကပ်ရောဂါကာလမှာ Self-confidence ဖြင့် ခေါင်းဆောင်နိုင်မှသာ အခက်အခဲတွေကို ကျော်လွှားနိုင်မည် ဖြစ်ပါသည်။
















နံပါတ်(၃)အချက်မှာ ကျွန်ုပ်တို့နေထိုင်သည့် လူမှုအဖွဲ့အစည်း (Community) ပင်ဖြစ်ပါသည်။ လူမှုအဖွဲ့အစည်းဆိုသည်မှာ ကျွန်ုပ်တို့ရဲ့ နေထိုင်မှုပတ်ဝန်းကျင်၊ အလုပ်ရုံ၊ ကျောင်း၊ တက္ကသိုလ်၊ ကောလိပ် စသည်တို့ကို ဆိုလိုခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် လုပ်ငန်းခွင်၊ ကျောင်း၊ တက္ကသိုလ်တွေအထိ ကျယ်ပြန့်သည့် လူမှုအဖွဲ့အစည်းများတွင် နေ့စဉ်သွားလာလှုပ်ရှားဆက်ဆံနေကြရပါသည်။ ယခုလို COVID-19 ဖြစ်ပွားသည့်ကာလတွင် အရပ်ဖက်အဖွဲ့အစည်း၊ အစိုးရအဖွဲ့အစည်းများ အနေဖြင့် ရင်းရင်းနှီးနှီးနှင့် အပြန်အလှန် အထောက်အကူပေးသည့် အပြုအမူများဖြင့် ဆက်သွယ်ဆောင်ရွက်ရန် အလွန်အရေးကြီးပေသည်။

နံပါတ်(၄)အချက်မှာ “Compassion”
မိမိရဲ့မေတ္တာကရုဏာကြီးမားမှုပင် ဖြစ်ပါသည်။
ကိုယ်ချင်းစာတရားဟုလည်းပြောနိုင်ပါသည်။
ယခုလိုကပ်ရောဂါတွေ့ကြုံနေရချိန်တွင် ကိုယ်ချင်းစာတရား၊
မေတ္တာကရုဏာကြီးမားမှုသည် အလွန်အရေးကြီးပါသည်။
ကိုယ်ကိုယ်တိုင်မကြုံတွေ့ မခံစား ရရင်တောင်
ခံစားနေရသူများ၏ဝေဒနာကို မျှဝေခံစား၍ ကုစားပေးရပေမည်။
မိမိကစပြီး မိမိပတ်ဝန်းကျင်၊ ရပ်ကွက်၊ မြို့ ရွာအထိ
ထိုကဲ့သို့စိတ်ထားများထားရှိခြင်းဖြင့် မိမိအဖွဲ့အစည်း၊ ပတ်ဝန်းကျင်၊
လုပ်ငန်းခွင်တွင် အားလုံးနှင့်ချိတ်ဆက်မှု ပိုမိုအားကောင်းလာပြီး
အခက်အခဲ အတားအဆီးများကို
အတူတကွကျော်ဖြတ်နိုင်မည်ဖြစ်ပါသည်။








ဒါပေမယ့် ကျွန်ုပ်တို့ကို မှီခိုနေသောသူများ၏ စိုးရိမ်ပူပန်မှု များအား ထုတ်ဖော်ပြောဆိုလာပါက ကိုယ်ချင်းစာတရားဖြင့် နားထောင်ပေးရန် လိုအပ်ပါသည်။ ကပ်ရောဂါကာလအတွင်း ခေါင်းဆောင်တစ်ယောက်၏ မေတ္တာကရုဏာကြီးမားမှုသည်လည်း ခေါင်းဆောင်မှုဆိုင်ရာ စွမ်းဆောင်ရည်၏ အရေးကြီးသော သရုပ်သဏ္ဌာန် တစ်ခုပင် ဖြစ်ပါသည်။










နံပါတ်(၅)အချက်မှာ
အတူတကွပူးပေါင်းဆောင်ရွက်တတ်ခြင်း
(Collaboration) ဖြစ်ပါသည်။ Mother Teresa က
“I can do things you cannot, you can do
things I cannot; together we can do great
things”. ကိုယ်လုပ်နိုင်တာရှိသလို
သူမလုပ်နိုင်တာလည်းရှိမည်၊ သူလုပ်နိုင်တာရှိသလို၊
ကိုယ်မလုပ်နိုင်တာလည်းရှိမည်။ ထို့ကြောင့်
အားလုံးအတူတူပူးပေါင်းဆောင်ရွက်မည်ဆိုပါက
ကိစ္စတိုင်းကို အောင်မြင်စွာကျော်လွှားနိုင်မည်
ဖြစ်ပါသည်။






ဤကပ်ရောဂါကာလတွင် ခေါင်းဆောင်တစ်ယောက်အနေဖြင့်၊ ဝန်ထမ်းများနှင့် အဖွဲ့ဝင်များအားလုံး၏ စွမ်းဆောင်ရည် အရင်းအမြစ်များကို ဖော်ထုတ်၍ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration) ဖြင့် လူတိုင်း၏ အခန်းကဏ္ဍကို ဖော်ထုတ်ရမည့်အချိန် ဖြစ်ပါသည်။ ဝန်ထမ်းများနှင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကောလာဟလများကို လျှော့ကျစေပါသည်။ ခေါင်းဆောင်များအနေဖြင့်လည်း သူတို့ကို မှီခိုအားထားနေသူများအား ပြန်လည်စီမံဆောင်ရွက်နိုင်စေရန် ဝန်ထမ်းများအပေါ် ယုံကြည်မှုကိုပေးအပ်ရမည် ဖြစ်သည်။






ထို့ပြင် နံပါတ် (၆) စွမ်းဆောင်ရည်မှာ “Communication” ဖြစ်ပါသည်။ ကျွန်တော်တို့သည် အဖွဲ့အစည်းများ၊ တခြားသူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှုအားကောင်းရန် အရေးပါသည်။ ကိုယ်တစ်ယောက်တည်း စွမ်းဆောင်နိုင်ရုံ၊ စီမံခန့်ခွဲနိုင်ရုံနှင့် မပြီးပါ။ အဖွဲ့အစည်းများနှင့် တစိုက်မတ်မတ် ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့လည်း လိုအပ်ပါသည်။ ဤသို့ ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ကောလာဟလများကို ဖြေရှင်းနိုင်မည် ဖြစ်သည်။

Dan Oswald က“ Communication must be HOT. That’s Honest, Open and Two-way”.

ထိုကဲ့သို့ ချိတ်ဆက်ဆောင်ရွက်ရာတွင်လည်း ရိုးသားမှု၊ ပွင့်လင်းမြင်သာမှု ရှိရမည်လို့ ဆိုထားပါသည်။ အဖွဲ့အစည်းတစ်ခုလုံးကို လျင်မြန်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နည်းဗျူဟာများ၊ ချိတ်ဆက်ဆောင်ရွက်ရမည့် ဆုံးဖြတ်ချက်များနှင့် ဦးစားပေးသတ်မှတ်ချက်များကို အစီအစဉ်တကျ ချမှတ်ထားရန်လိုပါသည်။












နောက်ဆုံးအချက်မှာ "Cash" ငွေကြေးပင်ဖြစ်ပါသည်။ ယခုလို ကပ်ရောဂါကာလအတွင်းတွင် ငွေကြေးသည် အဓိကဖြစ်ပြီး စနစ်တကျ စီမံခန့်ခွဲရန် လိုအပ်ပါသည်။ ခေါင်းဆောင်တစ်ယောက်အနေဖြင့် သင့်အဖွဲ့အစည်း၏ ငွေကြေးသုံးစွဲမှု အခြေအနေကို ရေတိုနှင့်ရေရှည်ကြည့်၍ ချင့်ချိန်ခွဲခြား သုံးစွဲနိုင်ရန်လိုအပ်သည်။ Dave Ramsey က "You will either learn to manage money, or the lack of it will manage you". သင်၏ ဝန်ထမ်းများ၊ ပါဝင်ပတ်သက်သူများ၏ စိတ်ပိုင်းဆိုင်ရာ သာမက အဖွဲ့အစည်း၏ ဘဏ္ဍာရေးအခြေအနေတို့သည် သင်၏ဦးဆောင်မှုပေါ်တွင် မူတည်နေသည်။ ငွေကြေးကို စီမံခန့်ခွဲရာတွင် ခေါင်းဆောင်တစ်ယောက်အနေဖြင့် ချင့်ချိန်ရမည် ဖြစ်သည်။ ထို့ကြောင့် ငွေကြေးကို ကောင်းမွန်စွာစီမံခန့်ခွဲနိုင်ခြင်းသည် ခေါင်းဆောင်တစ်ယောက်တွင် ရှိရမည့် စွမ်းဆောင်ရည်ပင် ဖြစ်ပါသည်။



ထို့ကြောင့် ကျွန်တော်တို့အနေဖြင့် ယခုလို COVID-19 ကပ်ရောဂါကာလအတွင်း ကျွန်တော်တို့ ရင်ဆိုင်ကြုံတွေ့နေရသောအခက်အခဲများကို အောင်မြင်စွာကျော်လွှားနိုင်ရန် စီမံခန့်ခွဲမှုဆိုင်ရာ ခေါင်းဆောင်မှု အခြေခံသဘောတရား (၇)ချက်ကို အာရုံစိုက်၍ အလေးထားရမည် ဖြစ်ပါသည်။ ခေါင်းဆောင်တစ်ယောက်အနေဖြင့် “Calm” တည်ငြိမ်စွာဖြင့် “Confidence” ဆိုတဲ့ ယုံကြည်မှုရှိရှိဖြင့် “Community” လူမှုအဖွဲ့အစည်းကိုဦးဆောင်ရာတွင် “Compassion” ကိုယ်ချင်းစာတရားရှိပြီး “Communication” ချိတ်ဆက်ဆောင်ရွက်မှုအားကောင်းစွာဖြင့် “Collaboration” ပူးပေါင်းလုပ်ဆောင်ခြင်း၊ “Cash” ငွေကြေးကို Stakeholders များနှင့်အတူ စနစ်တကျစီမံခန့်ခွဲနိုင်ခြင်းဖြင့် အကျပ်အတည်းများကို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဟု ယုံကြည်မိပါသည်။







ACC Against COVID-19

Aung San Thway

- Reference
- https://www.google.com/search?q=7+leadership+principles+for+managing+in+the+time+of+coronavirus&oq=7+leadership+Principle&aqs=chrome.3.0i457j0j69i57j0l5.73352j1j7&sourceid=chrome&ie=UTF-8
- Photo Credit for Original Uploader

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အများပြည်သူဆိုင်ရာဖြောင့်မတ်တည်ကြည်မှုရှုထောင့်မှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်သည့် အသိပညာပေးကဏ္ဍ၏ အထူးအစီအစဉ်အနေနှင့် "ACC Against COVID-19'' ခေါင်းစဉ်ဖြင့် ACC Facebook Page တွင် နယ်ပယ်အသီးသီးမှ ပညာရှင်များရေးသားထားသော ဆောင်းပါးများကို တင်ပြလျက်ရှိပါကြောင်းနှင့် ဆောင်းပါးပါအကြောင်းအရာများသည် စာရေးသူများ၏ အာဘော်များသာဖြစ်ပြီး မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ယူဆချက်များ၊ အာဘော်များကို ကိုယ်စားပြုခြင်းမရှိပါကြောင်း ဖော်ပြအပ်ပါသည်။

A special program "ACC Against COVID-19" is arranged on ACC Facebook Page where articles of eminent persons from various fields are collected and posted as awareness in preventing corruption from the view of public integrity. The opinions in those articles are only of theirs alone and do not necessarily reflect the opinions of ACC Myanmar.